ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ဆေးတက္ကသိုလ်-မန္တလေး

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်

၂၀၂၇ ပညာသင်နှစ် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် ဝင်ခွင့်ထပ်မံလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ဆေးပညာမဟာသိပ္ပံသင်တန်းများ

စဉ်	သင်တန်းအမည်		သင်တန်းကာလ
(၁)	ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)	M.Med.Sc (Anatomy)	၂-နှစ်
(၂)	ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)	M.Med.Sc (Physiology)	၂-နှစ်
(၃)	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)	M.Med.Sc (Pharmacology)	၂-နှစ်
(၄)	ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)	M.Med.Sc (Clinical Biochemistry)	၃-နှစ်
(၅)	ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)	M.Med.Sc (Microbiology)	၃-နှစ်
(၆)	ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)	M.Med.Sc (Medical Jurisprudence)	၃-နှစ်

၂။ လိုအပ်သောအရည်အချင်း

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ဆေးပညာမဟာသိပ္ပံသင်တန်းများအတွက် အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) **ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒနှင့် ဥပဒေရေးရာဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိလျှောက်ထားနိုင်သည်။

(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပါရှိရမည်-

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လက်ရှိရာထူး/ဌာန၊ အမြဲတမ်းလိပ်စာနှင့်ဖုန်းနံပါတ်၊ ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်၊

(ခ) အဘအမည်၊

(ဂ) နိုင်ငံဝန်ထမ်းအဖြစ် စတင်ထမ်းဆောင်သည့် နေ့ရက်/လ/ ခုနှစ်နှင့် အမှုထမ်းသက်၊

(ဃ) အသက်နှင့် မွေးသက္ကရာဇ် (အသက်ထောက်ခံစာတင်ပြရန်)

(င) ဆရာဝန်မှတ်ပုံတင်အမှတ်(ဆမ)

(စ) အထွေထွေဆေးကုသခွင့်လိုင်စင်အမှတ်၊ ထုတ်ယူခဲ့သည့်ရက်စွဲ--------။

(ဆ) ပညာအရည်အချင်း

(ဇ) တက်ရောက်လိုသည့်သင်တန်းနှင့်ဘာသာရပ် (တိကျစွာဖော်ပြရန်)

(ဈ) အမှုထမ်းသက် မှတ်တမ်းအပြည့်အစုံ (ခက်ခဲဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပါက၊ ဌာနဆိုင်ရာ ထောက်ခံစာနှင့်အတူ တစ်ပါတည်း တင်ပြရမည်။)

(ည) ယခင်ပြည်တွင်းဘွဲ့လွန်သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရဖူးခြင်း ရှိ/မရှိဖော်ပြရန်။

(ဋ) ပြည်တွင်းဘွဲ့လွန်သင်တန်းတစ်ခုခု တက်ရောက်ခဲ့ဖူးပါက တက်ရောက်ခဲ့သည့် ရက်/လ/ ခုနှစ်၊ သင်တန်း၊ ဘာသာရပ်နှင့် ဘွဲ့ရရှိခြင်း ရှိ/မရှိ ဖော်ပြရန်။

(၄) ပြည်တွင်း/ပြည်ပသင်တန်းတစ်ခုခုသို့ တက်ရောက်ခွင့်လျှောက်ထားခြင်း (သို့မဟုတ်) ဝင်ခွင့်စာမေးပွဲ ဖြေဆိုထားခြင်း ရှိ/မရှိဖော်ပြရန်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လျှောက်လွှာတွင်ဖော်ပြထားသည့် အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသောခံဝန်ချက်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) ဆေးပညာသင်တန်းအမှတ်စာရင်း (Grading Certificate) မိတ္တူ၊

(ဃ) ဓါတ်ပုံ(၃)ပုံ (လိုင်စင်ဓါတ်ပုံ) (လွန်ခဲ့သော ၆ လအတွင်း ရိုက်ကူးထားသည့်ပုံ)

(င) အသက်ထောက်ခံစာ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(စ) ဆရာဝန်မှတ်ပုံတင်မိတ္တူ

(ခြွင်းချက်အနေဖြင့်(ဆမ-လျှောက်ထားဆဲ)ပုဂ္ဂိုလ်များသည် သင်တန်းကာလ(၁)နှစ်ပြီးမြောက်ပါက(ဆမ)မိတ္တူအား တင်ပြရန်နှင့် (ဆမ)မိတ္တူတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။)

(ဆ) ဆေးတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၆၃ သို့ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်)တိတိကို ပေးသွင်းထားသည့် **ချလံမူရင်း (၁)စောင်**

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်-မန္တလေး၏ ငွေစာရင်းအမှတ် MD- ၀၁၀၀၆၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ ဆေးတက္ကသိုလ်-မန္တလေး၊ ပါဆောက္ခချုပ်ထံ သိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ လျှောက်လွှာများကို ဆေးတက္ကသိုလ်-မန္တလေးသို့ (၃-၁၂-၂၀၂၆)ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ပေးပို့ရမည်၊ ဓပြည့်စုံသည့်လျှောက်လွှာများနှင့် လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိ လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၁-၁၂-၂၀၂၆) ရက် (သောကြာနေ့) မှစ၍ ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာန၌ ထုတ်ပေးမည်။

၉။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်၊ ရေးဖြေစာမေးပွဲကို (၁၄-၁၂-၂၀၂၆)ရက် (တနင်္လာနေ့) တွင် စာစစ်ဌာနဖြစ်သည့် ဆေးတက္ကသိုလ်-မန္တလေး၌ အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

သင်တန်း	ဘာသာရပ်	စစ်ဆေးမည့်အချိန်	မေးခွန်းပုံစံ
ဆေးပညာဓဟာသိပ္ပံ သင်တန်းများ	ကျွမ်းကျင်ဘာသာရပ်	နေ့လယ်(၁:၀၀)နာရီမှ (၃:၀၀)နာရီအထိ	MCQ

၁၀။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်း ဓပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (၂) နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ်အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၁၁။ လူတွေ့နှုတ်ဖြေ စစ်ဆေးမည့်ရက်ကို လူတွေ့/နှုတ်ဖြေ၊ ဖြေဆိုခွင့်ရရှိသူစာရင်း ထုတ်ပြန်ကြေညာသည့်အခါတွင် ဖော်ပြပါမည်။

၁၂။ သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် ဘွဲ့လွန်သင်တန်းစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမည်ဖြစ်ကြောင်းနှင့် ဘွဲ့လွန်သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မိမိတာဝန်ကျရာမည်သည့်ဒေသတွင်မဆို ဆက်လက်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း၊ ကတိခံဝန်ချုပ်ချုပ်ဆိုရမည်။

၁၃။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင် ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၄။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၅။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-မန္တလေး၏ Website-www.ummdy.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ (သို့မဟုတ်) အောက်ပါဖုန်းနံပါတ်များကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ပါမောက္ခချုပ်	- ၀၂-၄၀၃၆၆၃၉
ဌာနမှူး(စီမံ/ဘဏ္ဍာ)	- ၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀

ပါမောက္ခဒေါက်တာချစ်သက်အောင်
တာဝန်ခံ/ဒုတိယပါမောက္ခချုပ်(သင်ကြား)
ဆေးတက္ကသိုလ်-မန္တလေး
မန္တလေးမြို့

စာအမှတ်- ၃၅၅၁/ဆတမ(သ)ဘွဲ့လွန်(ဝင်ခွင့်)

ရက်စွဲ ။ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်။